၁၂၆၀

# ကြယ်စင်မှူးဝေ

## ကျွန်မရဲ့မိုးတိမ်



ဒီဇိုင်း မောင်ကျော်ဦး
၀၉-၄၄ ၇၀၉၃၀

# အခန်း (၁)

ဟိုဘက်ခြံကြီးက နတ်ဘုံ နတ်နန်းလို ခမ်းနားသမျှ သည် ဘက်က ' နဒီ' တို့ ခြံလေးကတော့ လူ့ဘုံ ခမ်းဝါလောက်တောင် မသာယာ။

သားအမိ နှစ်ယောက်တည်း ပန်းစိုက် စားနေရသည့် ဘဝကို ရောက်သွားပြီမို့ ဖေဖေ ရှိတုန်းက ဆောက်ထားသည့် တစ်ထပ် တိုက်ပြာလေးမှာ ဟိုဘက်ခြံက တိုက်ကြီးနှင့် စာတော့ နတ်ပြည်နှင့် ငရဲပြည်ပေါ့။

အင်းလေ ... ငရဲပြည်တော့လည်း မဟုတ်ပါဘူး။ အိမ်ပတ်ပတ်လည်မှာ ပန်းမျိုးစုံ စိုက်ပျိုးထားသည့် အတွက် သာတော့လည်း သာယာတာပါပဲ။ ဘာခေါ်မလဲ ... ဟိုဘက်ကတော့ ရုပ်ဝတ္ထု ပစ္စည်းတွေနဲ့ ဖွံ့ဖြိုးနေတဲ့ အိမ်ပေါ့။

အင်း ... ဒီဘက်ကတော့ ....

သို့သော် .... နဒီ ကိုယ့်ခြံလေးကိုယ် နှစ်သက်ပါသည် ။ လောကကြီးထဲ မေမေနှင့် အတူ ဒိုးတူပေါင်ဖက် ရင်ဆိုင်နေရတာပဲ ဘာမပျော်စရာရှိမလဲ။

လူအပြောင်း အလဲကြောင့် ခေတ္တပိတ်ထားသည့် ဟိုဘက်ခြံက အိမ်ကြီးသို့ ဒီနေ့ လူသစ်များ ပြောင်းရွှေ့ လာကြသည် ။

သူဌေးတွေပီပီ ကားကြီး၊ ကားငယ်တွေနှင့် ပစ္စည်းတွေ သယ်ချလာကြသည် ကိုး။ သည် ဘက်ခြံမှ နေပြီး နဒီနှင့် မေမေတို့ အိမ်ထဲမှ ချောင်း

ကြည့် နေမိကြပါသည် ။

မိန်းမတွေပီပီ ဟိုဘက်အိမ်ကို မည်သူတွေ ပြောင်းလာသလဲဆိုတာ သူမတို့ စိတ်ဝင်စားပါသည် ။

ယွန်းနဒီနှင်းက အသက်နှစ်ဆယ်။ မေမေက အသက်လေးဆယ်။ လောကမှာ စပ်စုလို့ အကောင်းဆုံး အရွယ်တွေ မဟုတ်ပါလား။

အင်္ကျီချိုင်းပြတ်နှင့် ပန်းပင်တွေကို တူးဆွပေါင်းသင်း ထားရသည် မို့ ချွေးကလေးစို့နေသည့် မေမေ့ ရုပ်သွင်ကလည်း ရုပ်ရှင်မင်းသမီး မေသန်းနုနှင့် နင်လားငါးလား။

ကျန်းမာသူမို့ စိုပြည်ဝင်းပသော အသားနှင့် ဖွံ့ထွားသော ကိုယ်လုံးကြောင့် မေမေ ဒေါ်သဇင်နှင်းမှာ မသိလျှင် အသက် သုံးဆယ်ကျော် ဟု ပင် ထင်လိုက်စရာ။

ယွန်းနဒီနှင်း ဆိုတာကရော ...

ဖအေချော၊ မအေချောမို့ အချောတွေ စုပေါင်းပြီး ကမ္ဘာကျော် ကျောက်ဆစ်၊ ပန်းပုဆရာ၏ လက်ရာလို အလှအပမျိုး ရှိရသည် ကြားထဲ အသွင် တစ်မျိုးဆန်းပြီး ချစ်စရာ ကောင်းနေရတာ ကတော့ သူမ၏ ဘဝပေး ကုသိုလ်ပင် ဖြစ်လိမ့်မည်။

ဒီလိုပြောလိုက်လို့ ယွန်းနဒီနှင်းကို ဗိုင်းကောင်း ကျောက်ဖိ နူးနူးညံ့ညံ့လေးလို့ တော့ မထင်လိုက်ပါနှင့် ။

ဣန္ဒြေရှင်လေးပေမဲ့ သူ့စိတ်ထဲ မထင်ရင် ကျောတယ်ထင်ရင် မြွေပွေးကို သွားထိမိ၊ စမိသလို ရှူးခနဲ၊ ဒိုင်းခနဲ ပြန်ပေါက်တတ်၊ ကိုက်တတ်တာကတော့ ခွေးဆိုးလေးနှင့် တူလိမ့်မည်။

ယခုလည်း ခြံထဲမှာ သားအမိနှစ်ယောက် ပန်းပင်တွေကို ပြုစု

လုပ်ကိုင် နေရာမှ တစ်ဖက်အိမ်သို့ လူသစ်များ ပြောင်းရွှေ့လာခဲ့လျှင် မိန်းမသားတွေပီပီ အိမ်ထဲသို့ဝင်ပြီး တစ်ဖက်သို့ ချောင်းကြည့် နေမိကြ ခြင်း ဖြစ်သည် ။

"မေမေရေ .... အိမ်သားတွေကတော့ အများကြီးပဲ၊ တော်တော် ဇ ယားရှုပ်မည့် အိမ်ကြီးနော် ... ဝေးဝေးက ရှောင်မှ ပဲ"

ယွန်းနဒီနှင်းက ကြီးကြီးကျယ်ကျယ်တွေ မှတ်ချက်ချလျှင် မေမေက ပြုံးပြီးအနားသတ်၏။

"အေးနော် ... ကိုယ့်စကားကိုယ် မြဲမြဲမှတ်ထား၊ မေမေက ကိစ္စမရှိ ဘူး၊ သမီးက စိတ်တိုတိုရယ်၊ ရန်ဖြစ်လည်း မကောင်းဘူး၊ အိမ်နီးချင်း တွေ၊ အဲ ... ဟိုမှာ လူငယ်တွေ ပါလာပါလား၊ သမီးနော် ... ကိုယ်နဲ့ အ ဆင့်မတူတဲ့ သူကိုကြိုက်မိရင် တစ်သက်လုံး စိတ်ဆင်းရဲရပြီသာမှတ်"

"ဟီဟိ ... မေမေကလည်း .... သူတို့ ကပဲ ယူပါစေဦး"

"အေးဟေ့ .... ယူလည်း မကောင်းဘူး၊ မယူလည်း မကောင်းဘူး၊ စ ကားအဖြစ် ပြောရတာတောင် ကိုယ့်ဘက်က နစ်နာလှပါပြီ"

မေမေက ဟိုဘက်ခြံသို့ မကြည့်တော့ဘဲ နဒီကို အလေးအနက်ဆုံး မေးတော့မည်ပြင်လျှင် နဒီ ဇက် ကလေးပုလိုက်ပါ၏။

လျှာနီနီလေးကိုလည်း လှစ်ခနဲ ထုတ်ပြလိုက်၏။

မေမေ့ကို ချစ်စနိုးဖြင့် စရဦးမည်လေ။

"မေမေလည်း သတိထားနော်၊ အဲဒီဘက်မှာ မေမေ့ အရွယ်တွေ လည်း တွေ့ရတယ်၊ လူပျိုကြီးတွေ လား၊ မုဆိုးဖိုတွေလား၊ တစ်ခုလပ် တွေလား မသိဘူး၊ မေမေတို့ အရွယ်တွေကမှ ပိုဆိုးတာ၊ ကြိုက်မိရင် ... ဟိုဒင်း နွားသိုးကြိုးပြတ်ဆိုလား ဘာလား"

"ကြည့်စမ်း ... ကြည့်စမ်း၊ ဒါ ... မေမေ့ကိုပြောရမယ့် စကားလား၊ ခွေးမလေး၊ ခွေးလေးအရောဝင် ပါးလျက်၊ နားလျက်ဆိုတာ နင်ပဲ ... ခွေးမ"

မေမေစိတ်ဆိုးလျှင် နဒီ ... တခစ်ခစ်ရယ်ပြီး မီးဖိုဘက်သို့ ဝင်ပြေးပါတော့သည် ။

ထမင်းဆာလှပြီလေ။

သူများကို ရပ်ကြည့်လို့ အကျိုးမရှိ။ ကိုယ့်ထမင်း ကိုယ်စားတာကမှ အကျိုးရှိမည်။

ဗိုက်ဝမည်။

နဒီ ထမင်းပွဲကို လျှင်မြန်စွာ ပြင်နေစဉ် အနားသို့ ရောက်လာသည့် မေမေက ဆူပြန်သည် ။

"ဒီကောင်မလေးကို အစားပုတ်တယ်၊ ရေအရင်မချိုးဘဲ ထမင်းစားဖို့ ကြံစည်နေတယ် ဟုတ်လား၊ နင် ဒီလို ဘယ်တုန်းက စည်းမဲ့၊ ကမ်းမဲ့နေရ စားရလို့ လဲ၊ ဒီလောက် အစားပုပ်လှတာ၊ ဝက်ပုပ်မကြီး ဖြစ်ပါစေတော်"

သည် အခါ နဒီမှာ မေမေ့စကားအတိုင်း ချော်လဲရောထိုင်ပြီး သွားဖြဲလေးနှင့် လျှောချရပါသည် ။

"ရေမချိုးဘဲ စားမလို့ မဟုတ်ပါဘူး မေမေရဲ့ ၊ ဟိုလေ ချက်ချင်းခူး၊ ချက်ချင်းစားဆိုရင် အငွေ့တွေနဲ့ ပူမှာ စိုးလို့ ကြိုပြီးခူးထား လိုက်တာ ပါ ၊ လုပ် ... မေမေရယ် ... နဒီ ထမင်းဆာလှပြီ၊ မေမေလည်း မြန်မြန် ချိုး၊ သမီးလည်း ရေမြန်မြန် ချိုးမယ်နော်"

သားအမိ နှစ်ယောက်သား ရေချိုး၊ အဝတ်အစား လဲပြီးလျှင် ထမင်း

စားပွဲမှာ တန်းပြီးထိုင်လိုက် ကြသည် ။

သားအမိနှစ်ယောက် လုပ်ကိုင် စားနေကြရသည် ဆိုပေမဲ့ ရေသည် ပြဇာတ်ထဲက ရေသည် လင်မယားရဲ့ ‘ကောက်လျှင်ကြီးဆန်၊ နီတာလန် ကို ငါးသန်လေးနုပ် ရေလုံပြုတ်နှင့် ’ ဆိုတဲ့ ဟင်းထက်တော့ အများကြီး သာ ပါသည် ။

ခြံထွက် ဟင်းသီး ဟင်းရွက်ခင်းမှ ဘူးညွန့်နှင့် ပုစွန်ခြောက်ကြော်၊ နောက် ... ဆလတ်ရွက် ချဉ်ရည်ဟင်း၊ ငါးကလေးချက်၊ ငါးပိရည်နှင့် တို့ စရာ။

အာဟာရ ရှုထောင့်မှ ကြည့်ကြည့်၊ ကျန်းမာရေး ရှုထောင့်မှ ကြည့် ကြည့်၊ ကြည်နူး နှစ်သိမ့်စရာ ထမင်းတစ်ပွဲပါပဲ။

ရောင့်ရဲ တတ်သူများ မို့ ဖေဖေထားခဲ့သည့် အိမ်ကလေးပေါ်မှာ နေ ပြီး၊ ပန်းစိုက်စာရင်း နဒီတို့ သားအမိ၊ ဘဝကို ကျေနပ်စွာ ရုန်းကန်နေမိ ကြသမျှ ...

တစ်ဖက်အိမ်မှ လူသစ်များ ရောက်ရှိလာကြသည့် အခါ ဘဝသည် ပြောင်းပြန် လှန်ပစ်လိုက်သလို စိတ်ဆင်းရဲစရာ၊ ရင်ခုန်စရာ၊ စိတ်မ ချမ်းမြေ့စရာ တွေနှင့် ရင်ဆိုင်တိုးနေရလေ မလားဟု ...

ထိုစဉ်ကတော့ သားအမိနှစ်ယောက်လုံး နည်းနည်းမှ မတွေးမိခဲ့ပါ ချေ။

*****

# အခန်း (၂)

ယွန်းနဒီနှင်းမှာ အဝေးသင်ဖြင့် ဘွဲ့ရပြီးပေပြီ။ လမ်းထဲမှ ၅တန်း အမြွှာမောင်နှမနှင့် သူ့သူငယ်ချင်း ၃ယောက်၊ ပေါင်း ၅ ယောက် တစ်ဝိုင်းကို သင်ပေးသဖြင့် အပိုဝင်ငွေလည်း ရ၏။

ဘာပဲဖြစ်ဖြစ် သူမမှာ အလုပ်တွေက မအားနိုင်အောင်မို့ အမြဲတမ်း ရှုင်လန်း၊ တက်ကြွဖျတ်လတ် နေလိုက်သည် မှာ သူမ၏ ခြံထဲက ရေဝဝ သောက်ထားရသည့် မိုးဆမ်း နှင်းဆီပွင့်လေးနှယ်။

မေမေ့မှာ လည်း ဒီလိုပါပဲ။ မိုးလင်းကတည်းက အလုပ်နှင့် လက်က မပြတ်ရ။ ပန်းခြံထဲမှာ ပန်းရူး၊ ဆွတ်၊ ရောင်းချ၊ နောက်လိုအပ်လျှင် ပန်းတွေထပ်စိုက်၊ စိုက်ပြီးသား အပင်တွေကို ပြုပြင်။ ဂရုတစိုက်နှင့် ရေလောင်း၊ ပေါင်းသင်။

ရာသီအလိုက်၊ ဂန္ဓမာရောင်စုံ၊ နှင်းဆီရောင်စုံ၊ ဟော်လန် ရောင်စုံကို အဓိကထားပြီးစိုက်၏။ နောက် … သစ်ခွခြံလေးရယ်။

နဒီရော မေမေပါ ဝါသနာလည်း ပါ၊ ဝင်ငွေလည်း ရသည် မို့ ကိုယ့်ပန်းခြံလေးနှင့် ကိုယ် ပျော်နေတာပါပဲ။ တစ်နေ့ တစ်နေ့ မောတယ်၊ ပန်းတယ်လည်း မထင်။

ယခုတလော … နဒီ့မှာ အလုပ်တစ်ခု ပိုလာရတာက ဟိုဘက်ခြံကို အချိန်ရသရွေ့ ချောင်းကြည့်မိခြင်း ပါပဲ။

အမောပြေ ...

ဟုတ်တယ် ... အမောပြေတယ်။

မိန်းမ နောက်ပိုးလို သူ့ကို တည့်တည့်ကြီးသွားပြီး မိတ်ဖွဲ့၊ အတင်းကာရော မျက်နှာချိုတွေ သွေးပြီး ပိုးခြင်း၊ ပန်းခြင်းမျိုး မဟုတ်ဘဲ ကိုယ်တစ်ယောက်တည်း မည်သူမျှ မသိစေရဘဲ ကိုယ့် အခန်းထဲကနေ ချောင်းကြည့်ခြင်းမို့ နဒီကတော့ ကိုယ့်ကိုယ်ကိုယ်လုံသည် ။

အဲဒီ အစ်ကိုကြီးကို ချောင်းကြည့်ရတာ နဒီ့ရင်ကို အမောပြေစေတာတော့ အမှန်။

ဟိုရှေးတုန်းက နေနတ်သား၊ လနတ်သားဆိုတာ သူ့လိုနေမှာ ပဲ။

ကိုယ်ပိုင် အလင်းတွေနဲ့ ဝင်းပယှက်ဖြာ နေလိုက်တာ ရောင်ခြည်တစ်ဆောင် အလင်းဆောင်နေတဲ့ နေနတ်သား၊ လနတ်သားလိုပါပဲ။

အစ်ကိုကြီး ဆိုပေမဲ့ ဆေးတက်နေဆဲမို့ အသက်ကတော့ သိပ်ကြီးဦးမည်မထင်။ နဒီ့ထက်တော့ ၂နှစ်၊ ၃ နှစ်လောက်ကြီးချင် ကြီးမှာ ပေါ့။

သို့သော် ... ရွှေလင်ပန်းနှင့် အချင်းဆေးပြီး မြပုခက်မှာ အိပ်ခဲ့ရမည့် ခြေမွေးမီးမလောင် သူဌေးသား လေးမို့ တစ်ကိုယ်လုံး ရွှေစင်ရွှေနှစ်လို ဝင်းပပြီး လုပချောမော နေလိုက်တာကလည်း ပပဝတီကပင် အဘလို့ ခေါ်ရလိမ့်မည် ထင်ပါသည် ။

ကိုကို ...

ဒါကတော့ နဒီ့ရင်ထဲမှ တိတ်တခိုး နာမည်ပေးထားတာပါ။

ဟုတ်တယ်လေ။ သူ့ကိုနာမည်လည်း မသိ။ (သိအောင်လည်း မကြိုးစားပါ)။ ဆေးတောင် ဘယ်နှစ် ရောက်နေမှန်း မသိတော့ နဒီ သူ့ကိုရင်

ထဲမှာ ကိုကိုလို့ ပဲ သုံးစွဲဖြစ်ခဲ့ပါသည် ။

တကယ်တော့လည်း ချစ်လွန်း၊ ကြိုက်လွန်းလို့ မဟုတ်ရပါပေ။ သိတယ် မဟုတ်လား၊ ငယ်ရွယ်သူပီပီ ရုပ်ရှင်မင်းသား တစ်ယောက်ကို၊ မင်းသမီး တစ်ယောက်ကို စွဲလမ်း နှစ်သက်သလိုမျိုး သူမ နှစ်သက်လိုက်တာပါ။

အထူးသဖြင့် ကိုရီးယား ဇာတ်လမ်းတွဲ တွေထဲက မင်းသားတွေကို ကြိုက်နည်းမျိုးပေ့ါ။ အန္တရာယ် ကင်းပါတယ်။ အဆိပ်အတောက် ကင်းပါတယ်။

ကိုကို့ကို နဒီချောင်းကြည့်ခွင့်ရတာ ညဦးပိုင်းပါပဲ။ သူ့ကို ထမင်းမစား ဟင်းမစားလည်း ချောင်းကြည့် မနေအားပါဘူး။

တစ်နေကုန် ကိုယ့်အလုပ်တွေနဲ့ ဂျင်ဂျင်လည်ပြီး ညမိုးချုပ်လို့ အလုပ်အားသည့် အခါ မေမေနှင့် အတူ တီဗီဇာတ်လမ်းတွဲလေး ထိုင်ကြည့်၊ ပြီးတော့ ယခုလထုတ် မဂ္ဂဇင်းလေး၊ ဂျာနယ်လေး၊ နောက် ... ကိုယ်ကြိုက် သည့် စာရေးဆရာရဲ့ ဝတ္ထုလေး တစ်အုပ်လောက်ကြည့်ဖို့ နဒီ အိပ်ခန်းထဲသို့ ဝင်ခဲ့သည် ။

နောက် ... နဒီ့အခန်းနှင့် ကိုကို့အခန်းက ကံအားလျော်စွာ မျက်စောင်းထိုးမို့ သူငယ်ချင်းဆီက အပိုင် ဆွဲထားသည့် မှန်ပြောင်းနှင့် ကိုကို့ကို ခဏလောက် အလွမ်းပြေ ဖျတ်ခနဲ ခိုးကြည့်လိုက်သည် ။

ခဏလေးပါပဲ။ ခဏလေးပေ့ါ။ ပြီးရင် သူမ အားလုံးကို မေ့သွားပြီး စာဖတ်သည် ။ နဒီ့ရဲ့ အိပ်ချိန်ဟာ ၁၀ နာရီ၊ ၁၁ နာရီ နောက်ဆုံးပါပဲ။

အလွမ်းပြေ ...

အလွမ်းဆိုတာ ဘာပါလိမ့်၊ ဖေဖေ့ကို လွမ်းသလို အလွမ်း ဆိုရင်

တော့ ပေ့ါပါးသည် ။ နဒီငယ်စဉ် ကတည်းက သေဆုံးသွားခဲ့သည့် ဖေဖေ့ကို နဒီလွမ်းတယ်ဆိုတာ သတိရနေတာလောက်ပါပဲ။

ရင်ထဲမှာ ခံသာရုံပေ့ါ။ နေလို့ ထိုင်လို့ ကောင်းရုံပါပဲ။

အဲ ... ကိုကို့ကို လွမ်းတယ်ဆိုတာကရော

တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းတောင် မဆိုင်ဘူး၊ မတွေ့ဘူး၊ မမြင်ဘူးကြပါပဲ နာမည် တောင် မသိကြပါဘဲနှင့် ။

ကံအားလျော်စွာ ကိုကို့ကို သူ့အခန်းထဲမှာ လှမ်းမြင်လိုက်ရပြီး ကတည်းက ရှက်ပေမဲ့ တိတ်တခိုးလေး ချောင်းကြည့်နေမိတဲ့ နဒီ့အဖြစ်က ကိုကို့ကို တစ်နေ့ တစ်ခါလောက်တော့ မြင်လိုက်ရပါမှ ။

မမြင်ရင် ဘာဖြစ်သွားနိုင်သလဲ။ အဲဒါတော့ နဒီလည်း မသိပါချေ။

နေ့တိုင်း၊ နေ့တိုင်း အိပ်ခါနီးတိုင်း စာဖတ်နေသည့် ကိုကို့ကို သူ့ပြတင်းမှ တစ်ဆင့် ခိုးကြည့်နေခွင့်ရ နေတာပဲ မဟုတ်ပါလား။

ပြဿနာ မရှိပါ။

ရွှေစံအိမ်က ရွှေမင်းသားလေးဟာ အပေါ်ထပ်မှာ မနေဘဲ အောက်ထ ပ် မှာ တစ်ခမ်းတနား၊ တစ်ထီး တစ်နန်းနေတာကိုက နဒီဆိုတဲ့ အူကြောင်ကြောင် ကောင်မလေး တစ်ယောက် မှန်ပြောင်းနဲ့ ချောင်းခွင့်ရအောင် သဘာဝတရားကြီးက ဖန်တီးပေးနေတာပဲဟု နဒီ သဘောကျကြီး ကျနေမိခဲ့ပါသည် ။

* * *

# အခန်း (၃)

အိမ်နီးနားချင်းပေမဲ့ စည်းရိုးကလုံသည် ။ လုံလိုက်တာမှ လူတစ်ရပ် နီးပါး မြင့်သည့် အုတ်တံတိုင်းကြီး များ နှင့် ကာရံထားသည် လေ။

သူတို့ ဘေးနားမှာ ဘယ်လို ပမွှားလေးတွေ နေတယ်ဆိုတာတောင် သူတို့ သိမှာ မဟုတ်။ အဆင့်ချင်း ကလည်း မိုးနဲ့ မြေ၊ လူချင်းကလည်း မိုးနဲ့ မြေ။ အလွှာခြားတယ်ဆိုတာ ဒါပဲဖြစ်မည်။

ခြံသေ့်တွေအောင်းတဲ့ ဂူနားမှာ မြေကြွက်မလေး နှစ်ကောင် တွင်း အောင်းနေတာနှင့် ပဲ နှိုင်းရလိမ့်မည် ထင်ပါသည် ။

သည် ဘက်အိမ် အတွင် တော့ ဟိုဘက်ခြံကြီးသည် ညစဉ် ညတိုင်း သတင်း ထုတ်ပြန်ချင်စရာ နေရာဌာန ဖြစ်ပါသည် ။

တစ်နေ့လုံး မောပန်းပြီးလို့ ထမင်းစားပြီးသည့် အခါ ၇ နာရီ ဇာတ် လမ်းတွဲကြည့်ဖို့ သားအမိ နှစ်ယောက် တီဗွီရှေ့မှာ ထိုင်ကြသည့် အခါ န ဒီထက်စာလျှင် အိမ်မှာ ပိုမြသည့် မေမေက နဒီ့ကို သူငယ်ချင်း သဖွယ် အပျင်းပြေ သတင်းတွေ ပေးခဲ့သည် ။

အပျင်းပြေ ...

တကယ့်ကို အပျင်းပြေရုံပဲ မေမေရည်ရွယ်လေသလား။

ဒါမှ မဟုတ် ကိုယ့်သမီးက အမြီးအတောင် စုံတော့မယ့် ဒေါင်းမ

လေးမို့ အလွှာတွေခြားတာကိုပဲ ကြို တင်စည်းတား ထားလေသလား။

နဒီ မစဉ်းစားတတ်ခဲ့ပါချေ။

"သမီးရေ ... ဟိုဘက်အိမ်မှာ အိမ်သားတွေ ဘယ်လောက် ရှိတယ် ဆိုတာ ဒီနေ့ မေမေမြင်လိုက် ရတယ်ကွ"

"ဟင် ... ဟုတ်လား မေမေ၊ ဘယ်နှယောက်တောင်လဲဟင်"

"ဟို ... ဆေးကျောင်း တက်နေတဲ့ ကောင်လေးကို သူတို့ ကျောင်းက ကောင်မလေး တစ်ယောက် ကားနဲ့ လိုက်ပို့တယ်"

"ကိုကို ... အဲ သူက ကိုယ့်ကားနဲ့ ကိုယ် တက်တာ မဟုတ်ဘူး လား မေမေ"

"ဟုတ်တော့ ဟုတ်တယ် ... ဒီနေ့ သူမ နေမကောင်းလို့ လား မသိ ဘူး၊ အဲဒီကောင်မလေးက လိုက်ပို့တယ်၊ တစ်အိမ်လုံး ပျာယာခပ်ပြီး ဆင်းကြိုလိုက်ကြတာလေ၊ အဲဒီတော့ မေမေ အားလုံးနီးပါးကို မြင် လိုက်ရတာပေ့ါ၊ အဲဒီအိမ်မှာ အဲဒီကောင်လေးရဲ့ မိဘနှစ်ယောက်ရယ် ... အဲ သူ့ဦးလေးရယ်"

"ဦးလေးက ဘယ်ဘက်ကလဲ မေမေ"

"ဖအေဘက်က ဖြစ်လိမ့်မယ်၊ သူတို့ အဖေနဲ့ ရုပ်ချင်းဆင်တယ်လေ၊ နောက် ... အိမ်ဖော်က ၂ ယောက်"

"သူတို့ အဖေက ဘာလုပ်လဲ မသိဘူးနော်၊ မနက်တိုင်း ကားနဲ့ သွား တယ် မဟုတ်လား"

"မသိပါဘူး နဒီရယ် ... ကုမ္ပဏီတွေ ဘာတွေသွားတာ နေမှာ ပေ့ါ၊ ကဲ... ကြည့်၊ ကြည့်.. မေမေ အဝတ်တွေ မီးပူတိုက်ဦးမယ်"

မေမေက နဒီအနားမှာ ထိုင်ပြီး အဝတ်ပုံကြီးကို မီးပူတိုက်နေလျှင် နဒီ ဟိုလိုလို သည် လိုလိုနှင့် ကိုယ့် အခန်းထဲသို့ ဝင်ပြေးခဲ့၏။

ကိုကို ဘယ်လိုနေသလဲလို့ ချောင်းကြည့်လိုက်ဦးမယ်၊ အင်းလေ ... နေမကောင်းဘူးဆိုလည်း သတင်းမေးခွင့် မရ၊ အားပေးခွင့်မရ၊ ချောင်းကြည့်ပြုံးပြန်၊ ခြေအေးဝမ်းယောင် အဆင့်ထက်တောင် ဆိုးပါ သေးတယ်။

အဲ ... ငါက မိန်းကလေးပဲ၊ ဘာလို့ ဝမ်းနည်း နေရမှာ လဲ၊ ချောင်းကြည့် တာတောင် လွန်လှပါပြီ။ တစ်ယောက်ယောက် သိရင် ဘယ်လောက် ရှက်စရာ ကောင်းလိုက်သလဲ။

ဟယ် ... ဒါပေမဲ့ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စား လည်း ကြက်သွန်၊ ကြည့်လက်စနဲ့ ခဏတော့ ကြည့်လိုက်ပါဦးမယ်လေ။

ကိုကို ဘယ်လိုများ နေမလဲ။

နဒီ ... တစ်ဖက် ပြတင်းပေါက်သို့ မှန်ပြောင်းနှင့် ချောင်းလိုက်လျှင် အခန်းထဲမှာ ငြိမ်သက်စွာ လဲလျောင်းနေသည့် ကိုကို့ကို သနားစဖွယ် တွေ့လိုက်ရပါသည် ။

သူ ... ဖျားသလား၊ အအေးပတ်သွားတာလား။ သည် ဆောင်းက လည်း လွန်ပါတယ်လေ။ အေးကို အေးလွန်းပါတယ်။

ကိုယ်လည်း ဘာမှ မတတ်နိုင်တာမို့ မှန်ပြောင်းကို ပြန်ဝှက်လိုက်ပြီး နဒီလည်း ကိုယ့်အိပ်ရာပေါ်မှာ ကိုယ် စိတ်မကောင်းစွာနှင့် လဲလျောင်း လိုက်သည် ။

အလို ... သူနေမကောင်းတာနဲ့ ကိုယ်နေမကောင်းသလို ခံစားလိုက် ရတာ ငါဟာ ဟုတ်သေးရဲ့ လား။

ဘုရားရေ ... သူ့ကိုငါကြိုက်တာ ကိုရီးယားမင်းသား တစ်ယောက်ကို ကြိုက်တာထက်များ ပိုကုန် ပြီလား။

မိုးပေါ်က လမင်းကို ချစ်တာထက်များ ပိုသွားပြီလား။

မတွေးဘူး၊ မတွေးဘူး၊ သူ့ကို ဘယ်တော့မှ ချောင်းမကြည့်တော့ဘူး ။

အမြဲပျော်ရွှင်နေတဲ့ ငါ့ရဲ့ ဘဝလေး ပျက်မသွားရအောင် ငါကြိုးစားမှ ဖြစ်မယ်။

သို့သော် ... နဒီ မျက်ဝန်းထဲမှာ သူအိပ်ရာပေါ်မှာ နှမ်းဖျော့စွာ လဲလျောင်း နေပုံလေးက အထင်းသား ပေါ်နေခဲ့တာ ဘာကြောင့် လဲ။

မျက်ဝန်းကို အတင်းပိတ်ပြီး သူမအိပ်ရာပေါ်မှာ လူးလိမ့်နေလျှင် မေမေက အထူးအဆန်းမို့ လာကြည့် သည် ။

"ခေါင်းတွေမူးလို့ မေမေရာ၊ ဇာတ်လမ်းတွဲလည်း မကြည့်တော့ဘူး၊ စာလည်း မဖတ်တော့ဘူး၊ နဒီ အိပ်ပြီ ... "

မေမေ့ကို အတင်းလိမ်ညာပြီး နဒီအိပ်ချင်ယောင် ဆောင်နေမိပါသည် ။

*****